## ၁ လအတွင်း အမျိုးသမီးများ သတင်းအနှစ်ချုပ်

ယခု သတင်းအနှစ်ချုပ်သည် ဧပြီလအတွင်း ဖြစ်ပွားခဲ့သည့် အမျိုးသမီးများနှင့် ပတ်သက်သည့် သတင်းများကို စုစည်း အနှစ်ချုပ်ထားခြင်းဖြစ်ပါသည်။ ဧပြီလအတွင်းတွင် အကြမ်းဖက်စစ်ကောင်စီတပ်များမှ ဥပဒေမဲ့ ရက်စက် ကြမ်းကြုတ်သည့်လုပ်ရပ်များ အချိန်ပြည့် လုပ်ဆောင်နေသည့် အခြေအနေများတွင် အမျိုးသမီးများအနေဖြင့် ဖမ်းဆီး နှိပ်စက်ခံရခြင်းများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုပါ ဆက်လက်ရင်ဆိုင်နေရသည်။ AAPP ၏ စစ်တမ်းများအရ စစ်တပ်မှ အာဏာစသိမ်းသည့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဧပြီ ၂၆ ရက်နေ့ အထိ အမျိုးသမီး စုစုပေါင်း ၇၉၁ ဦး အဖမ်းခံနေရပြီး ပြန်လွှတ်လာသူ ၃၀၃ ဦးရှိသည်။ ဧပြီလ တလအတွင်းမှာပင် အဖမ်းခံရသူ အမျိုးသမီးဦးရေ စုစုပေါင်း ၉၀ ဦး ရှိနေပြီး ၁၂ ယောက်သာ ပြန်လွှတ်လာသေးသည်။ အကြမ်းဖက် စစ်တပ်၏ ရမ်းကားမှုများကြောင့် အာဏာသိမ်းသည့် ၃ လတာ ကာလအတွင်း အမျိုးသမီး စုစုပေါင်း ၆၃ ဦး ကျဆုံးခဲ့ပြီး ဧပြီ တလအတွင်းမှာ ၁၀ ဦး သေဆုံးခဲ့သည်။ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) နှင့် ဝရမ်းအထုတ်ခံထားရသည့် အမျိုးသမီးစုစုပေါင်းမှာ ဧပြီလအထိ ၃၂၅ ယောက်ထိရှိနေပြီဖြစ်သည်။

## အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးထားသည့် အမျိုးသမီးများအား ကျူးလွန်နေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

လတ်တလော သတင်းဌာနကြီးများ၏ ဖော်ပြချက်များအရ အဖမ်းခံရသည့် အမျိုးသမီးငယ်တချို့အား စစ်ကြောရေးတွင် ပြင်းပြင်းထန်ထန် ညှဉ်းပန်းနှိပ်စက်သည့်အပြင် စကားလုံးများနှင့်ကိုယ်ထိလက်ရောက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်မှုများ ရှိသည်ကို တွေ့ရှိရသည်။

ဧပြီလ ၁၄ ရက်တွင် အဖမ်းခံခဲ့ရသည့် အသက် ၁၇ နှစ်အရွယ် မရွှေယမင်းထက်၊ ဧပြီ ၁၈ ရက်ညတွင် အဖမ်းခံခဲ့ရသည့် ၁၉ နှစ်အရွယ် အမျိုးသမီးငယ်တယောက်နှင့် မပိုးဆိုသူ အမျိုးသမီးတို့သည် စစ်ကြောရေးကာလအတွင်း Sexual Harassment နှုတ်နှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခံခဲ့ရသည့်အပြင် မပိုးသည် စိတ်ပိုင်းရုပ်ပိုင်း လိင်ပိုင်းဆိုင်ရာ စော်ကားနှိပ်စက်မှုများကို ခံခဲ့ရသည်ကို တွေ့ရှိရသည်။

စစ်ဆေးမေးမြန်းသည့် ရဲနှင့် စစ်သားများသည် အမျိုးသမီးအား မကြားဝံ့မနာသာ စကားလုံးများနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းများအပါအဝင် အမျိုးသမီးလိင်အင်္ဂါကို ကန်ကျောက်ခြင်းများကို ကျူးလွန်ခဲ့ကြသည်။

မြန်မာ့လူ့အသိုင်းအဝိုင်းသည် ဖိုဝါဒကြီးစိုးသည့် လူ့အသိုင်းအဝိုင်းဖြစ်ပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းများနှင့် ပတ်သက်၍ အမျိုးသမီးများအနေဖြင့် ထုတ်ဖော်ပြောဆိုရာတွင် ဖေးမ၊ အားပေးမှုများ နည်းပါးသည့်အပြင် အထင်မြင်သေးဆက်ဆံခံရခြင်းများရှိသဖြင့် အဖမ်းဆီးခံ အမျိုးသမီးများအနေဖြင့် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားမှုများနှင့် ပတ်သက်၍ တိကျသည့် အချက်အလက်များ ကောက်ယူရရှိနိုင်ရန်မှာ အခက်အခဲများစွာ ရှိနေပါသည်။

## အကြမ်းဖက် စစ်ကောင်စီ၏ တပ်များမှ ဖမ်းဆီးမှုများ

အဖမ်းခံရသူများထဲတွင် စစ်အာဏာရှင် ဆန့်ကျင်ရေး လူထုဆန္ဒပြပွဲများတွင် တက်ကြွစွာ ပါဝင်သည့် တက္ကသိုလ်ကျောင်းသူများ၊ အမျိုးသမီးရေးတက်ကြွလှုပ်ရှားသူများ၊ သတင်းထောက်များ၊ ရပ်ကွက်အတွင်း ပုံမှန်သွားလာနေသူများနှင့် သား၊ သမီးများကို ဖမ်းမမိသဖြင့် မိခင်များအား ဖမ်းဆီးသွားမှုများပါဝင်ပါသည်။

အကြမ်းဖက် စစ်တပ်၏ ဥပဒေမဲ့ ဖမ်းဆီးမှုများတွင် ဧပြီ ၂ ရက်နေ့တွင် CNN သတင်းထောက်အား အင်တာဗျူးပေးခဲ့သဖြင့် တက္ကသိုလ်ကျောင်းသူ မယဉ်သက်တင်အား ဖမ်းဆီးခဲ့သကဲ့သို့ အလားတူ မိမိယုံကြည်ချက်အား လွတ်လပ်စွာ ပြောဆိုသဖြင့် အဖမ်းခံရသူများလဲ အများအပြားရှိနေပါသည်။

အမျိုးသမီးရေး တက်ကြွလှုပ်ရှားသူ၊ နိုင်ငံရေးခေါင်းဆောင်၊ အမျိုးသမီးရေး ခေါင်းဆောင်တယောက်ဖြစ်သည့်အပြင် Mizzima သတင်းဌါနကို တည်ထောင်သူ တဦးဖြစ်သည့် မသင်းသင်း အောင်သည် ဧပြီလ ၈ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးမှု ခံရပြီး လက်ရှိအချိန်ထိ မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မသိရှိရသေးပေ။

Myanmar Now သတင်းဌာနမှ သတင်းထောက် မကေဇွန်နွေးသည် တပ်မတော်ကို အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (က) နှင့် ဖမ်းဆီး တရားစွဲဆိုခံထားရပြီး ဧပြီလ ၈ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်အတွင်း တတိယအကြိမ် ရုံးထုတ်စစ်ဆေးခဲ့သည်။

STUM အဖွဲ့၏ဒါရိုက်တာဖြစ်သူ အလုပ်သမားရေး တက်ကြွလှုပ်ရှားသည့် ဒေါ်မျိုးမျိုးအေးသည် ရန်ကုန်ရှိ သူမ၏ ရုံးခန်း၌ ဧပြီလ ၁၅ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးခံခဲ့ရသည်။

ဆယ်ကျော်သက်အရွယ်နှင့် တက္ကသိုလ်ကျောင်းသူ အမျိုးသမီးများသည် ဆန္ဒပြနေစဉ် ဖမ်းဆီးခံရခြင်းများအပြင် နေအိမ်တွင်း ဝင်ရောက် ဖမ်းဆီးမှုများနှင့် လမ်းသွားနေစဉ် အဖမ်းခံရခြင်းများလည်းရှိနေသည်။ အချို့ရပ်ကွက်များတွင် အမျိုးသမီးများသည် အကြမ်းဖက်စစ်တပ်၏ သတင်းပေး ဒလန်များမှ ပေးသည့်အချက်အလက်များကြောင့် အိမ်တိုင်ရာ ရောက်လာရောက်ရှာဖွေ ဖမ်းဆီးခြင်းများကိုလည်း ရင်ဆိုင်နေကြရသည်။

## အိမ်ရှင်မများ၏ လှုပ်ရှားမှုများ

ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုဆန္ဒပြပွဲများ၌ အိမ်ရှင်မအမျိုးသမီးများသည်လည်း တထောင့်တနေရာမှ တက်ကြွစွာ ပါဝင်နေကြပေသည်။ အမျိုးသမီးများအနေဖြင့် နွေဦးတော်လှန်ရေးကာလအတွင်းတွင် ရှေ့တန်းဒိုင်းကာနေရာကနေသော်လည်းကောင်း၊ အစားအသောက် ပံ့ပိုးကူညီပေးသည့်နေရာကသော်လည်းကောင်း၊ အမျိုးသမီးအသုံးအဆောင်များနှင့်လူထုသပိတ်ပုံစံများဖန်တီး၍ သော်လည်းကောင်း၊ မိခင်များအနေဖြင့် လူထုသပိတ်တိုက်ပွဲများတွင် တက်တက်ကြွကြွ ပါဝင်နေသည့် ရင်သွေးများကို ပံ့ပိုးပေး၍သော်လည်းကောင်း ပုံစံအမျိုးမျိုး၊ ကဏ္ဍအမျိုးမျိုးနှင့် စစ်အာဏာရှင်အမြစ်ဖြုတ်မည့် နွေဦးတော်လှန်ရေးအောင်မြင်စေရေး ပံ့ပိုးပေးနေကြသည်။

ဧပြီလအတွင်းတွင်လည်း အမျိုးသမီးအိမ်ရှင်မများသည် နည်းမျိုးစုံဖြင့် စစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန်နေကြပေသည်။

ကယားပြည်နယ် လွိုင်ကော်မြို့ နာနတ်တော ရပ်ကွက်တွင် စစ်အာဏာရှင်စနစ်အား ဆန့်ကျင်သည့် မီးဖိုချောင် အိမ်ရှင်မသပိတ်ကို အမျိုးသမီးများ ဦးဆောင်ပြီး ပြုလုပ်ခဲ့ပါသည်။

မုံရွာမြို့တွင် ဧပြီလ ၁၁ ရက်နေ့ မနက်ပိုင်း၌ အမျိုးသမီးကြီးများမှ ဦးဆောင်ကာ ကလေးငယ်များနှင့်အတူ စစ်အာဏာရှင်ဆန့်ကျင်ရေး ရပ်ကွက်သပိတ်စစ်ကြောင်းချီတက်ခဲ့ပြီး စစ်အာဏာရှင်စနစ်ဆိုးကို ဆန့်ကျင်ကန့်ကွက်သည့် ဗွီနိုင်းပိုစတာများကိုင်ဆောင်ကာ ရပ်ကွက်တွင်း လှည့်လည်ခဲ့ကြသည်။

ပုသိမ်မြို့တွင် ဧပြီလ ၁၂ ရက်နေ့၌ မြို့ခံအမျိုးသမီးများမှ အိမ်တွင်း သပိတ်ပြုလုပ်၍ စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြသည့်အပြင် ဖန်းမော်မြို့မှ အိမ်ရှင်မများမှလည်း စစ်အာဏာရှင်တော်လှန်ရေး မုန့်ဖက်ထုတ်အိမ်တွင်းသပိတ်လုပ်၍ စစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန်ခဲ့ကြသည်။

## အနုပညာရှင်များ၏ နွေဦးတော်လှန်ရေးအတွင်း ပါဝင်မှုများ

နွေဦးတော်လှန်ရေးတွင် ပြည်သူများနှင့်အတူ အနုပညာရှင်များမှလည်း တတပ်တအားပါဝင်ခဲ့ကြသည်။ ထိုင်းနိုင်ငံ၌ ကျင်းပသည့် Miss Grand International နိုင်ငံတကာအလှမယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာအလှမယ် ဟန်လေးမှ မြန်မာပြည်သူများအား ကူညီပေးရန်နှင့် အာဏာသိမ်းစစ်ကောင်စီအား နိုင်ငံတကာမှ အရေးယူပေးရန် စင်မြင့်ထက်မှ တောင်းဆိုခဲ့သည်။

အီတလီနိုင်ငံ၌ ရောက်ရှိနေသည့် အဆိုတော် ချမ်းချမ်းမှ စစ်အာဏာရှင်တော်လှန်ရေးတွင် တတ်နိုင်သည့်ဘက်မှ ပါဝင်တော်လှန်သဖြင့် ဖမ်းဝရမ်းထုတ်ခံထားရသော်လည်း မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်ရောက်သည်အထိ စစ်အာဏာရှင် ပြုတ်ကျရေးကို ရရာနေရာမှ အစွမ်းကုန်လုပ်ဆောင်သွားမည်ဟု ဆိုသည်။

စစ်တပ်မှ အာဏာစသိမ်းသည့် အချိန်မှစ၍ ယနေ့အထိ ၃ လတာ ကာလအတွင်း အနုပညာရှင်အများစုအား ၅၀၅ (က) ပုဒ်မနှင့် ဖမ်းဝရမ်းထုတ်ထားပြီး ဧပြီလအတွင်းတွင် အဖမ်းခံရသည့် အနုပညာရှင်များလဲ ရှိနေသည်။ သရုပ်ဆောင် အိန္ဒြာကျော်ဇင်သည် သူမ၏ ခင်ပွန်း သရုပ်ဆောင် ပြေတီဦးနှင့်အတူ နေအိမ်တွင် အဖမ်းခံခဲ့ရသည့်အပြင် သူမ၏ တူမဖြစ်သူ သရုပ်ဆောင် မေတိုးခိုင်သည်လည်း သူမအဖမ်းခံရပြီး မရှေးမနှောင်းတွင် ထပ်မံ အဖမ်းခံခဲ့ရသည်။

နာမည်ကြီး ရုပ်ရှင် ဒါရိုက်တာ ခရစ္စတီးနားခ်ီ မိသားစုသည် ရန်ကုန်လေဆိပ်တွင် ဧပြီလအတွင်း၌ ဖမ်းဆီးခံရပြီး လတ်တလောတွင် နေအိမ်အကျယ်ချုပ်ချထားခြင်း ခံနေရသည်။ စစ်အာဏာရှင် ဆန့်ကျင်ရေးတွင် တက်ကြွစွာ ပါဝင်ကြသည့် အခြား အနုပညာရှင်များလည်း နေအိမ်များမှ ထွက်ပြေးတိမ်းရှောင် နေကြသည်။

## မိသားစုဝင်များကိုယ်စား အဖမ်းခံရသူများ (ဓါးစာခံလုပ်ခံရသူများ)

ဧပြီလတွင်း၌ အာဏာသိမ်းစစ်တပ်၏ အလေ့အထဖြစ်သည့် မိသားစုဝင်များအား ဓါးစာခံလုပ်၍ ဖမ်းဆီးခြင်းများကို ၈၈ လူထု အရေးအခင်း၌တွင်သာမက ယခုလက်ရှိ နွေဦးတော်လှန်ရေးတွင်လည်း ဆက်လက်လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။ တနင်္သာရီတိုင်း၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီ၊ တိုင်းလူငယ်တာဝန်ခံ မနွေးနွေးအောင်ရင်အား နေအိမ်၌ သွားရောက်ရှာဖွေချိန်တွင် မတွေ့သဖြင့် သူမ၏ ယောင်းမအပါအဝင် မိသားစုဝင် ၂ ဦးအား ရိုက်နှက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

ရန်ကုန်၊ မင်္ဂလာတောင်ညွန့် ၁၂၅ လမ်းတွင် သာရေး၊ နာရေးကားမောင်းသမားအား ဖမ်းဆီးရာ၌ ဇနီးနှင့် ကလေးကိုပါ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ မိုးကုတ်မြို့နေ အွန်လိုင်းဆယ်လီတဦးဖြစ်သည့် မခိုင်ဇင်သော်အား နေအိမ်၌ ရှာဖွေဖမ်းဆီးရာတွင် မတွေ့သဖြင့် သူမ၏ မိခင်ကို ဖမ်းဆီးသွားခဲ့သည်။

ဧပြီလအတွင်းတွင် အကြမ်းဖက်စစ်ကောင်စီမှ ၎င်းတို့ ဖမ်းဆီးလိုသူများအား မမိသဖြင့် မိသားစုအား ဓါးစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်မှုများ ၅ ခုထက်မနည်းရှိနေသည်။ သတင်းစီးဆင်းမှုများ ကန့်သန့်ထားသဖြင့် ထိုကဲ့သို့ မိသားစုအား ဓါးစာခံခေါ်ဆောင်သည့် အမှုအရေအတွက် အတိအကျ ရရှိရန် အကန့်အသတ်များ ရှိနေပြီး မိမိတို့ သိရှိထားသည့် အရေအတွက်ထက် ပိုမိုများပြားနိုင်သည်။

## တိုင်းရင်းသားဒေသများမှ အမျိုးသမီးများအခြေအနေ

တိုင်းရင်းသားဒေသများ၌ စစ်အာဏာရှင်၏တပ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား တိုက်ပွဲ ဖြစ်ပွားမှုများကြောင့် အမျိုးသမီးနှင့် ကလေးငယ်များ အသက်ဆုံးရှုံးနေရသည့်အပြင် စစ်ဘေးရှောင်ချိန်၌ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ ကြုံတွေ့နေရသည်။

ဧပြီလအတွင်းတွင် ကချင်လွတ်မြောက်ရေးတပ်မတော် KIA၊ ကရင်အမျိုးသားအစည်းအရုံး KNU တို့နှင့် အကြမ်းဖက်စစ်ကောင်စီ၏ တပ်များကြား တိုက်ပွဲများ ပြင်းထန်လျှက်ရှိနေသည်။ အကြမ်းဖက်စစ်တပ်ဘက်မှ လေယာဉ်များနှင့် ပစ်ခတ်ခဲ့သဖြင့် သောင်းနှင့်ချီသော လူအများ စစ်ပြေးရှောင်နေကြရသည့်အပြင် ရွာတွင်းသို့ လက်နက်ကြီးများ ကျရောက် ပေါက်ကွဲသဖြင့် အမျိုးသမီးများ အပါအဝင် ပြည်သူများ သေဆုံးမှုများရှိပြီး ထိခိုက်ဒဏ်ရာ ရသူများလည်း ရှိနေသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးမှာ ထွက်ပြေးတိမ်းရှောင်သည့် လမ်းခုလတ်၌ မီးဖွားရသည်များလည်း ရှိနေပေသည်။

## အမျိုးသမီးများခေါင်းဆောင်မှုများ

မြန်မာ့ ဒီမိုကရေစီအရေး လှုပ်ရှားမှုသမိုင်းကြောင်းတလျှောက်တွင် အမျိုးသမီးများအနေဖြင့် ဦးဆောင်မှုကဏ္ဍများတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်လာနိုင်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းခဲ့သည့်အားလျော်စွာ နွေဦးတော်လှန်ရေး ကာလအတွင်း စစ်အာဏာရှင်အမြစ်ပြုတ် ချေမှုန်းရေးတွင်လည်း ဦးဆောင်မှုများအပါအဝင် ကဏ္ဍပေါင်းစုံမှ တက်တက် ကြွကြွပါဝင်ခဲ့ကြသည်။ လတ်ရှိအခြေအနေတွင် အမျိုးသမီးများသည် စစ်အာဏာရှင် စနစ်ကျဆုံးရေးနှင့် အတူ အမျိုးသမီးဘဝလုံခြုံရေး၊ ကျား-မတန်းတူရေးရှိရေးအတွက် တပြိုင်နက်တည်းတိုက်ပွဲဝင်နေရသည့် အနေအထားတွင် ဖြစ်ရှိနေသည်။ ဧပြီလအတွင်းတွင် စစ်အာဏာရှင်အား အမြစ်ဖြုတ်ချေမှုန်းမည့် မြန်မာ့နွေဦးတော်လှန်ရေးကာလအတွင်း ပြည်သူ့ကိုယ်စားပြု အမျိုးသားညီညွတ်ရေး အစိုးရကို ဖွဲ့စည်းခဲ့ကြပြီး အစိုးရအဖွဲ့တွင်းတွင် ဒေါ်အောင်ဆန်းစုကြည်အပြင် အမျိုးသမီး ၇ ဦးအား ပြည် ထောင်စုဝန်ကြီးနှင့် ဒုဝန်ကြီးများအနေဖြင့် ရွေးချယ်ခဲ့ကြသည်။ အမျိုးသမီး ၇ ဦးမှာ ဒေါ်ဇင်မာ အောင် (နိုင်ငံခြားရေးဝန်ကြီး)၊ နော်ဆူဇန်နာ လှလှစိုး (အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီး)၊ ဒေါ်ခင်မမမျိုး (ဒု-ကာကွယ်ရေးဝန်ကြီး)၊ နော်ထူးဖော (လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဒုဝန်ကြီး)၊ ဂျာထွယ်ပန် (ဒု-ပညာရေးဝန်ကြီး)၊ ဒေါက်တာရွှေပုံ (ဒု-ကျန်းမာရေးဝန်ကြီး)၊ ဒေါ်အိသဉ္ဇာမောင် (ဒု- အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီး) တို့ ဖြစ်ကြသည်။

## နိဂုံး

မြန်မာ့အမျိုးသမီးသမဂ္ဂမှ ဧပြီလ တလအတွင်းကောက်ယူရရှိထားသည့် သတင်းအချက်အလက်များအရ လက်ရှိနိုင်ငံရေးအကြပ်အတည်းကာလတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လုံခြုံမှုသည် လုံးဝမရှိသလောက်ဖြစ်ပြီး ဆက်လက်ရင်ဆိုင်ရမည့် ဆင်းရဲမွဲတေမှုများကို အဆိုးရွားဆုံး ရင်ဆိုင်ကြရမည့် အနေအထားဖြစ်နေသည်။ ဖိုဝါဒကြီးစိုးသည့် မြန်မာ့လူ့အသိုင်းအဝိုင်းတွင် အမျိုးသမီးများ၏ နိုင်ငံရေးတက်ကြွမှုများအား အဆုံးသတ်ရန် အကြမ်းဖက်စစ်တပ်မှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်စော်ကားခြင်းများဖြင့် ပစ်မှတ်ထားလာကြသည်။ ထိုကဲ့သို့သော အခြေအနေများကြားတွင် စစ်အာဏာရှင်

အမြတ်ပြတ်ချေမှုန်းရေး လူထုလှုပ်ရှားမှုအတွင်း ပါဝင်နေကြသော အမျိုးသမီးလူငယ်များ၏ လုံခြုံရေးမှာ သုညအဆင့်တွင် ရောက်ရှိနေပေသည်။

ဧပြီလအတွင်း စုဆောင်းကောက်ယူထားသည့် သတင်းအရင်းအမြစ်များမှာ မြန်မာ့အမျိုးသမီးသမဂ္ဂမှ အောက်ပါ သတင်းဌာနများနှင့် လူထုအခြေပြု အဖွဲ့များ၏ မှတ်တမ်းစုဆောင်းမှုများမှ ရရှိကိုးကားပါသည်။

- RFA
- VOA
- The Irrawaddy
- Kachin Waves
- AAPP
- The Union
- Honesty Information
- Women's League of Burma

## Link များ

- CDMမပိတ်ခင် အမီဝင်လာတဲ့ ရဲမေတစ်ဦး ပြောကြားချက်
- https://burmese.voanews.com/a/myanmar-miss-grand-internation-han-lay-interview-/5836371.html
- အမျိုးသမီးကဏ္ဍ
- https://burmese.voanews.com/a/myanmar-law-for-detainee-lack-of-proction/5835961.html
- https://www.rfa.org/burmese/news/arrested-student-cnn-clarissa-ward-myanmar-coup-yin-thet-tin-04022021132022.html
- https://fb.watch/50aoiTpar6/
- စစ်ကောင်စီကို ကမ္ဘာသိ ဆန့်ကျင်လိုက်တဲ့ မြန်မာအလှမယ်ဟန်လေး
- သတင်းထောက် နှစ်ယောက်ကို တတိယအကြိမ် ရုံးထုတ်စစ်ဆေး
- https://www.facebook.com/wlbpower/photos/pcb.4540397592655263/4540397325988623/
- စစ်အာဏာရှင်ပြုတ်ကျရေးအစွမ်းကုန်ပံ့ပိုးမယ်လို့ ချမ်းချမ်းပြော
- အမျိုးသမီးနဲ့ ကလေးငယ်တွေ နိုပ်စက်ခံရမှု ကုလကိုတိုင်ကြားဖို့ NUG ပြင်ဆင်
- အမျိုးသမီးနဲ့ ကလေးငယ်တွေ နိုပ်စက်ခံရမှု ကုလကိုတိုင်ကြားဖို့ NUG ပြင်ဆင် - YouTube
- https://burma.irrawaddy.com/opinion/interview/2021/04/19/240862.html?fbclid=IwAR16FjQnaBgpEcXwfoNN2GZuAvuUFP4vJy71YzYSE2QeiFIZ0rxpC2GUNX0
- https://www.facebook.com/search/top?q=DVB%20TV%20News